# နနွင်းတွင် ကျရောက်တတ်သော ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ

**၄။ မြစ်ဖုနီမတုတ်ရောဂါ** (Root-Knot Disease)

**ရောဂါဖြစ်စေသော သက်ရှိ** : *Meloidogyne incognita (Kofoid & White, 1919) Chitwood 1949*

**ရောဂါလက္ခဏာများ**

စိုက်ခင်းအတွင်း အပင်များပုခြင်း၊ အရွက်များဝါပြီး အပင်ကြီးထွားမှုအားနည်းခြင်းများ တွေ့ရသည်။ ရောဂါကျရောက်ပါက အမြစ်ဖုများတွေ့ရှိရပြီး ရောဂါကျရောက်မှုအဆင့်၊ ရောဂါဖြစ်စေသော မျိုးစိတ်၊ အပင်အမျိုးအစားပေါ်မူတည်ပြီး ရောဂါပြင်းထန်မှုများကွဲပြားသွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- မျိုးများကို ဆေးစီရင်ခြင်းများပြုလုပ်ပြီးမှ စိုက်ပျိုးပါ။
- ပဲပုပ်၊ ပြောင်း (သို့) ဝါကဲ့သို့သော သီးနှံတို့ဖြင့် သီးညှပ်အဖြစ် အတန်းလိုက် စိုက်ပျိုးပါ။
- ရောဂါလက်ခံပင်များမဟုတ်သော မြေပဲ (သို့) ပြောင်းသီးနှံများဖြင့် အလှည့်ကျစိုက်ပျိုးပါ။
- နီမတုတ်သတ်ဆေး Fosthiazate (ဖော့စ်သီယာဇိတ်) အား စိုက်ကျင်း/စိုက်ဘောင်ထဲ ထည့်ပေးပါ။